မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၅၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်

အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဂှာမင်္ဂလာအခမ်းအနား သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့ တက်ရောက်ကြည်ညိုကြပြီး ရွှေထီးတော်အား စေတီတော်အထွတ်သို့ တင်လှူပူဇော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများက ဥပ္ပါတသန္တိစေတီတော်ကို သာသနာ့သက်တမ်း ကာလတိုင်လက်ရောက် ကာယကံမြောက်အောင် ဆက်သွယ်ထားသည့် ယပ်တော်၊ ဈာနမုဒြာ၊ ဗုဒ္ဓပဋိမာနှင့် ဆင်ခံရုပ်ပွားတော်၊ ရွှေစင်ပဋိမာနှစ်ဆူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝရဒါဌာဓာတု စွယ်တော်မြတ်တစ်ဆူ၊ ရွှေစေတီတော်နှစ်ဆူ၊ ရွှေစင်ပရိက္ခရာရှစ်ပါးပုံစံတော်၊ ရွှေစင်အကွပ်တော်တို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၇

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော် လိုဏ်တော်အတွင်း၌ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့ တက်ရောက်ကြည်ညိုကြပြီး ရွှေထီးတော်အား စေတီတော်အထွတ်သို့ တင်လှူပူဇော်သည်။

စာမျက်နှာ ၆ ကော်လံ ၄ ✳

8-3 (01).pmd 1 3/8/2009, 4:02 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မတ် ၈ ရက်)

အစားထိုးသီးနှံများ တိုးချဲ့စိုက်ပျိုးရေး တိုးမြှင့်ဖော်ဆောင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအရှိန်အဟုန်မြှင့်ကြိုးပမ်း

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းကို ဆယ်စုနှစ်များစွာကတည်းက ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေး(၁၅)နှစ် အမျိုးသားစီမံကိန်းတစ်ရပ်ကို ၁၉၉၉ခုနှစ်မှစ၍ ချမှတ်အကောင်အထည်ဖော်ခဲ့သည်။

ဘိန်းစိုက်ပျိုးစီးပွားရှာသော လုပ်ငန်းသည် ကိုလိုနီနယ်ချဲ့များ အာရှတွင်စီးပွားရေး နယ်ချဲ့အခြေချစဉ်ကတည်းက ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေး ရယူပြီးချိန်မှစ၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို စီမံချက်များချမှတ်ကာ နယ်စပ်ဒေသများ၌ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ ရှေးမြန်မာမင်းများလက်ထက်ကတည်းကပင် ဘိန်းဘင်း၊ ကစော်၊ လော်စာ၊ အရက်သုံးစွဲခြင်းကို အမိန့်ပြဋ္ဌာန်းချက်များ ထုတ်ပြန်တားမြစ်ခဲ့သည်။

သိပ္ပံနှင့် နည်းပညာများ ထွန်းကားလာသော အနောက်နိုင်ငံများသည် မူးယစ်ဆေးဝါးထုတ်လုပ်သည့် နည်းစနစ်များ၊ ပစ္စည်းကိရိယာများကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပျံ့နှံ့စေခဲ့ပြီး မူးယစ်ဆေးဝါးထုတ်လုပ်နေသည်ဟု ပုတ်ခတ်စွပ်စွဲခဲ့ကြသည်။

မြန်မာနိုင်ငံသည် ဘိန်းအပါအဝင် မူးယစ်ဆေးဝါးများ စိုက်ပျိုးခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းကို လျော့ပါးစေရေးအတွက် ဘိန်းအစားထိုး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။အစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ပထမငါးနှစ်စီမံကိန်းထက် ဒုတိယငါးနှစ်စီမံကိန်းကာလတွင် နှစ်ချင်းသီးနှံဧက ခုနစ်သိန်းကျော်နှင့် နှစ်ရှည်သီးနှံပင်ဧက ရှစ်သိန်းကျော် စိုက်ပျိုးနိုင်ခဲ့သည်။ မွေးမြူရေး လုပ်ငန်းအနေဖြင့် နွား၊ မျိုးဝက်၊ ဆိတ်၊ ကြက်စသည့် မျိုးကောင်း မျိုးသန့်များကို မွေးမြူဖြန့်ဖြူးပေးခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ဒေသနှင့် ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံသဘောတူညီမှု လက်မှတ်ရေးထိုးပြီး တက်ကြွစွာ ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ပေရာ လူသားမျိုးနွယ်တစ်ရပ်လုံးကို အန္တရာယ်ပြုလျက်ရှိသော မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းလက်တွဲ ပါဝင်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၈-၃-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၄)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၃၀	၆။	ကျန်းမာသုတ
၁၃:၄၅	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၂၈)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	ကြိုခဲဆိုလျက်ပါ
၄:၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၄:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၂။	ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၆:၄၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၂၉)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုတ်မုန့်ချစ်သူ** (အပိုင်း-၃)

သစ်တောပျိုးဥယျာဉ်နှင့် ကျွန်းစိုက်ခင်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၃ရက်တွင် ကြံခင်းမြို့ စပါးအိုးကျေးရွာ သစ်တောပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ၁၀နှစ်သား ယူကလစ် ၁၄ပင်မှ ရရှိသည့် ယူကလစ်သစ်ခွဲသား ခြောက်တန်ဖြင့် အလျားပေ၃၀၊ အနံ ပေ၂၀ရှိ ပျဉ်ခင်း၊ ပျဉ်ကာ လူနေအိမ်ရာ ဆောက်လုပ်ထားရှိမှု၊ ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

တက်ရောက်အားပေး

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကြံခင်းမြို့ ဇီးပင်ကွင်းကျေးရွာသို့ရောက်ရှိပြီး ကျောက်ချောလမ်း ဖွင့်လှစ်ပွဲနှင့် တစ်ဖက်ပိတ်ဆည်နှစ်ခု ဖွင့်လှစ်ပွဲကို တက်ရောက်အားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုဂ္ဂလိက ကျွန်းစိုက်ခင်း ဧက ၁၀၀၀ ယာယီပျိုးဥယျာဉ်အတွင်း ကျွန်းပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက် ပုဂ္ဂလိက ကျွန်းစိုက်ခင်း ဧက ၅၀၀၀ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ စိုက်ခင်းအတွင်း ကျွန်းပင်များ အောင်မြင်ဖြစ်ထွန်းနေမှု၊ ပဲစင်းငုံ၊ ကျွန်းရောနှော စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ဖြည့်စွက်တင်ပြ

ဝန်ကြီးသည် မတ်၄ရက် နံနက်ပိုင်းတွင် ပြည်မြို့ ပဲခူးတိုင်း(အနောက်ပိုင်း) သစ်ထုတ်ရေးဒုတိယအထွေထွေမန်နေဂျာရုံး ရှင်းလင်းဆောင်၌ ပဲခူးတိုင်း(အနောက်ပိုင်း) နှင့် ပဲခူးတိုင်း(အရှေ့ပိုင်း) သစ်ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာတို့က သစ်ထုတ်ရာသီအတွင်း သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကြိုတင်ပြင်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆည်တို့က ဖြည့်စွက်တင်ပြကြကာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပေါက်ခေါင်းမြို့နယ် တောင်နဝင်းကြိုးဝိုင်း ဖြိုးစည်သူထရေးဒင်းကုမ္ပဏီမှ ပုဂ္ဂလိက ကျွန်းစိုက်ခင်းဧက ၁၇၀၀နှင့် ပေါက်ခေါင်းမြို့နယ် တောင်နဝင်းကြိုးဝိုင်း ၂၀၀၈ခုနှစ် စီးပွားရေး ကျွန်းစိုက်ခင်းဧက ၁၀၀နှင့် တောင်ငူတောင်သစ်ထုတ်လုပ်ရေးဒေသ ဘော်ဒါသစ်ဆိပ်တို့သို့ ရောက်ရှိပြီး သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုသည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် အုတ်တွင်းမြို့နယ် ခပေါင်း ကြိုးပြင်ကာကွယ်တော ၂၀၀၇ခုနှစ် ကျွန်းစိုက်ခင်းဧက ၁၀၀၀သို့ ရောက်ရှိပြီး စိုက်ခင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည် - ပေါက်ခေါင်း - အုတ်တွင်း- တောင်ငူ မဟာဗျူဟာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် အုတ်တွင်းမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ဇောခိကုန် အမှတ်(၆၉) သစ်စက်သို့ ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်ရုံဝန်ထမ်း ပြည်သူ့ဝန်ထမ်း မြဲတမ်း မီးသတိပြု

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၃-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ခန္ဓာညဏ်ရောက်ဒိဋ္ဌိပြုတ် တရားတော်** (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၇:၄၅-၁:၄၅	Sunday Talk [ကိုကိုလှိုင်၊ မျိုးမြတ်သူ]
၈:၃၀-၂:၃၀	အင်းမရိုးရာ ရက်ကန်းချည်ထည်
၈:၅၀-၂:၅၀	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **မီးများမီးနိုင်**
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	ကိုယ်ဝန်ဆောင် မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးပညာပေး ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသီဂီမြင့်)
၉:၅၅-၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀	ကမ္ဘာ့အားကစားဇာတ်ခုံ (စိုးမြတ်မင်း၊ နေအောင်သန့်)
၁၀:၂၅-၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅-၄:၃၅	စာပေ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါက်တာမတင်ဝင်း)
၁၀:၅၅-၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀-၅:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀-၅:၁၀	Activities in the City (Tennis ချစ်သူများအတွက် သတင်းကောင်း)
၁၁:၂၀-၅:၂၀	ထူးထူးခြားခြား ရာသီဥတု ဖြစ်စဉ်များ
၁၁:၃၀-၅:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅-၅:၃၅	သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင် စိုက်ကြစို့"
၁၁:၄၅-၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀	အေးမိသားစုလီမိတက်၏ ဆောက်လုပ်ရေးနှင့် Pro-1 Taxi meter
၁၂:၀၀-၆:၀၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ အေဝမ်းတင်တင်လှ)
၁၂:၂၀-၆:၂၀	International Video Topics (လူသားစားကျားများ)
၁၂:၄၅-၆:၄၅	စီးဆင်းပါစေ မေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Arsenal-Burnley	Star Sports (Live)
၁၀:၀၀	Everton-Middlesbrough	Star Sports Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	AC Milan-Atalante	5-Cartoons (Live)

တန့်ယန်း၌ ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်မှု အသိပညာမြှင့်တင်ရေး ဖွံ့ဖြိုးရေးလုပ်သား သင်တန်းဖွင့်

တန့်ယန်း မတ် ၇

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှု လူထုအသိပညာမြှင့်တင်ရေး ဖွံ့ဖြိုးရေးလုပ်သားသင်တန်း ဖွင့်ပွဲအခမ်းအနားကို တန့်ယန်းမြို့နယ် တိမွေးကုဌာနမှ ကြီးမှူး၍ ဖေဖော်ဝါရီ ၁၃ရက် နံနက် ၉နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် တိမွေးကုဌာနမှ ဦးစီးအရာရှိ ဒေါက်တာထွန်းထွန်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ယင်းနောက် သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်သည်များကို ကဲယား မြန်မာ ကုမ္ပဏီလီမိတက်မှ ဒေါက်တာပွင့်ဖြူဖြူက ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၁၃ရက်မှ ၁၅ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ရာ သင်တန်းသို့ ရပ်ကွက် အသီးသီးနှင့် လူမှုရေး အဖွဲ့အစည်းအသီးသီးတို့မှ သင်တန်းသား ၂၀ တို့ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လှူဒါန်း

မိခင် ဒေါ်ကွန်ကြည်အား ရည်စူး၍ အမှတ် (၃၂) ၁၄၇လမ်း တာမွေမြို့နယ် ရန်ကုန်မြို့နေ ဦးအောင်ချစ်သန်း-ဒေါ်ညွန့်ကြည်တို့က ဇန်နဝါရီ ၈ရက်တွင် မုဒုံမြို့နယ် ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဝိုးရီ လက်ခံစဉ်။

(ဘိုးဘွားရိပ်သာ)

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများဖြင့် ဆက်လက်ပြသဖျော်ဖြေ

ကြည့်ရှုအားပေး

ဥပ္ပါတသန္တိ စေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ မန္တလေးမြို့ သစ်လွင်အငြိမ့်အဖွဲ့ ဖျော်ဖြေတင်ဆက်ရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၇

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို သတ္တမနေ့ဖြစ်သော မတ် ၆ ရက် ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ မန္တလေးမြို့ သစ်လွင်အငြိမ့်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမသဘင်ပညာဖြင့် တင်ဆက်ကပြဖျော်ဖြေပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်ကလည်း **ပန်းပျိုးသူတို့အလင်္ကာ** ရုပ်ရှင်ဇာတ်ကားနှင့် **မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍** ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေရာ ဒေသခံပြည်သူ ၂၅၀၀၀ကျော် ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

ပြသဖျော်ဖြေ

အဋ္ဌမနေ့အဖြစ် ယနေ့ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် မန္တလေးမြို့ သစ်လွင်အငြိမ့်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က **ချစ်ခြင်းဖွဲ့မေတ္တာ** ရုပ်ရှင်ဇာတ်ကားနှင့် **မျက်နှာများတဲ့ကောင်းကင်** ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေကြပြီး နဝမနေ့အဖြစ် မတ်၈ရက် ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် မန္တလေးမြို့ ဖိုးချစ်ဇာတ်သဘင်နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က **ငါသူတစ်ပါးယောကျ်ားမိန်းမ** ရုပ်ရှင်ဇာတ်ကားနှင့် **မိုးပေါ်ခုန်တက်ကလိုက်ချင်တယ်**ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချ

ဥပ္ပါတသန္တိ စေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချစဉ်။

(သတင်းစဉ်)

8-3 (03).pmd 1 3/8/2009, 4:02 AM

၂၀၀၉ခုနှစ် တရုတ်စီးပွားရေးတိုးတက်မှု ၈ ရာခိုင်နှုန်းခန့် ထိန်းထားနိုင်မည်ဟုဆို

ပေကျင်း မတ် ၇

ကမ္ဘာ့စီးပွားရေးအခြေအနေ ပိုမိုဆိုးရွားလာသည့်ကြားမှပင် ၂၀၀၉ခုနှစ်အတွက် တရုတ်ပြည်၏ စီးပွားရေးတိုးတက်မှုကို ၈ရာခိုင်နှုန်းခန့်အထိ ထိန်းထားနိုင်လိမ့်မည်ဟုယုံကြည်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က မတ် ၅ရက်တွင် ပြောကြားသည်။

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်း ထည့်သွင်းပြောကြားလိုက်ခြင်းဖြစ်သည်။

အနိမ့်ဆုံးဖြစ်

တရုတ်ပြည်၏ စီးပွားရေးတိုးတက်မှုမှာ ၂၀၀၈ခုနှစ်က ၉ရာခိုင်နှုန်းရှိသည်။ ယင်းမှာ ၂၀၀၁ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးဖြစ်သည်။ ထောင်စုနှစ်စတင်သည့် နောက်ပိုင်း တရုတ်ပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာ၌ ၂၀၀၉ခုနှစ်သည် အခက်ခဲဆုံးနှစ်ဖြစ်သည်ကိုလည်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အသိအမှတ်ပြုသည်။

ဖန်တီးပေးရေး

စီးပွားရေးနှင့်လူမှုရေး အစီအစဉ်မှန်းချက်များတွင် မြို့ကြီးများ၌ အလုပ်အကိုင်သစ် ကိုးသန်းကျော် ဖန်တီးပေးရေး၊ မြို့ပြအလုပ်လက်မဲ့ဦးရေ ထိန်းပေးရေးနှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်းများ အဆမတန်မတက်အောင် ထိန်းသိမ်းပေးရေးတို့ ပါဝင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံပက်ရှ်ဝါမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ကို မတ် ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရုရှားနိုင်ငံ အင်ဂူရှီတီယာမြို့၌ ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး နှစ်ဦးဒဏ်ရာရ

နက်ဇရန်(ရုရှား) မတ် ၇

ရုရှားနိုင်ငံမှ ပြဿနာဖြစ်ပွားနေသည့် ကော့ကေးဆပ်ဒေသရှိ အင်ဂူရှီတီယာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မတ် ၅ရက်တွင် ဒေသန္တရ ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်ဂူရှီတီယာမြို့သည် ရုရှားနိုင်ငံတွင် တစ်ချိန်က တည်ငြိမ်မှုမရှိဆုံးသောမြို့တစ်မြို့ဖြစ်ခဲ့သည်။ အစ္စလမ္မစ်တိုက်ခိုက်ရေးသမားများက နယ်မြေခွဲထွက်ရေးအတွက် တော်လှန်မှုများပြုလုပ်ပြီး အသေးစားတိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်ခဲ့သည်။

ရုရှားအစိုးရက အင်ဂူရှီတီယာ အုပ်ချုပ်ရေးမှူးဖြစ်သည့် မူရက်ဇယာဇီကော့အား ပြီးခဲ့သည့်နှစ် အောက်တိုဘာလက အလုပ်ဖြုတ်ခဲ့သည်။ ၄င်း၏နေရာတွင် လေထီးတပ်မှူးဟောင်း ရက်ကူရှော့ကိုခန့်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ခဲ့သော်လည်း အကြမ်းဖက်တိုက်ခိုက်မှုကို ရပ်ဆိုင်းစေနိုင်ခြင်းမရှိခဲ့ပေ။

ရဲတပ်ဖွဲ့က ရွာထိပ်သင်္ချိုင်းအနီးတွင် တွေ့ရှိခဲ့သည့်ဗုံးမှစနက်တံကို ဖြုတ်ရန်ကြိုးပမ်းခဲ့စဉ် ဗုံးပေါက်ကွဲခဲ့ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာအကြီးအကျယ်ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ထိုင်းနိုင်ငံ၌ ပြည်ပခရီးသည်များအတွက် ဗီဇာကင်းလွတ်ခွင့် ရမည်

ဗန်ကောက် မတ် ၇

ထိုင်းဝန်ကြီးအဖွဲ့က သဘောတူညီထားသည့် ပြည်ပခရီးသည်များအတွက် ပြည်ဝင်ခွင့်(ဗီဇာ) ကင်းလွတ်ခွင့်အစီအစဉ်သည် မတ်လ ၅ရက်မှ စတင်ကာ ဇွန်လ ၄ရက်အထိ သက်ရောက်မည်ဖြစ်ကြောင်း ထိုင်း နိုင်ငံခြားရေးဌာန၏ သတင်းပြန်ကြားရေးဌာန ညွှန်ကြားရေးမှူးချုပ် သာရစ်ချရန်ဇက်က ပြောကြားသည်။

ထိုင်းနိုင်ငံအစိုးရ၏ စီးပွားရေးခိုင်မာရေးဆိုင်ရာ အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်ထိုင်းနိုင်ငံ၏ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရန် ပြည်ပခရီးသည်များအတွက် သုံးလအတွင်းပြည်ဝင်ခွင့် (ဗီဇာ)ကင်းလွတ်ခွင့်ပြုရန် ထိုင်းအစိုးရအဖွဲ့က ဇန်နဝါရီ ၂၀ရက်တွင် သဘောတူခဲ့ကြသည်ဟု ထိုင်းသတင်းဌာနက ပြောကြားသည်။

ကမ္ဘာ့တစ်ဝန်းတွင် စီးပွားရေးအခြေအနေဆိုးရွားစွာ ဖြစ်ပေါ်နေစဉ် ထိုင်း၏ ပြည်ပ ပို့ကုန်မှရရှိသည့် ဝင်ငွေသည်သိသာစွာကျဆင်းခဲ့ရာ ယင်းအချက်ကိုကာမိစေရန်အတွက် ခရီးသွားလုပ်ငန်းမှရသောဝင်ငွေက အထောက်အကူပြုနိုင်မည်ဟု ထိုင်းအစိုးရက မျှော်လင့်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်၌ ကားဗုံးပေါက်ကွဲ ခုနစ်ဦးသေဆုံး

ပက်ရှ်ဝါ မတ် ၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ပြင်တွင် မတ်၇ရက်က ရဲကင်းလှည့်ကားကို ကားဗုံးထိမှန်ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်ငါးဦး အပါအဝင်ခုနစ်ဦးသေဆုံးခဲ့ကြောင်း ရဲအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ဖော်ပြ

ပါကစ္စတန်နိုင်ငံတွင် မကြာသေးမီနှစ်က ဗုံးပေါက်ကွဲမှု အများအပြားဖြစ်ပွားခဲ့သည်။ ပေါက်ကွဲမှုအများစုမှာ အမေရိကန်အားထောက်ခံသော အစိုးရအား ဆန့်ကျင်သည့် အစ္စလမ္မစ် စစ်သွေးကြွများနှင့်ဆက်နွယ်သော တာလီဘန်၊ အယ်လ်ခိုင်ဒါတို့က လုပ်ဆောင်ခဲ့ကြသည်ဟု သတင်း၌ဖော်ပြသည်။

ရည်ရွယ်တိုက်ခိုက်

စစ်သွေးကြွများသည် နိုင်ငံရေးသမားများ အနောက်အုပ်စုနှင့် ဆက်နွယ်မှုရှိသူများအား ပစ်မှတ်ထားတိုက်ခိုက်သော်လည်း ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သော နှစ်နှစ်ကျော်ကတည်းက ဖြစ်ပွားနေခဲ့သော ဗုံးခွဲတိုက်ခိုက်မှုအများစုသည် နိုင်ငံအနောက်မြောက်ပိုင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**



ပဲပိစပ်များရိတ်သိမ်း

ဘရာဇီးနိုင်ငံ မာတိုဂရော့ဆိုပြည်နယ်တွင် ပဲပိစပ်စိုက်ခင်းများအတွင်း စက်ယန္တရားဖြင့် ရိတ်သိမ်းနေရှိသည်ကို မတ် ၅ရက်ကတွေ့ရစဉ်။

(၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဘရာဇီးနိုင်ငံမှ ပဲပိစပ်တန်ချိန် ၅၇ ဒသမ ၂သန်းထွက်ရှိမည်ဟု ခန့်မှန်းထားသည်။)

(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဟမ်ဇာမြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွား ၁၂ဦးသေဆုံး၊ ၅၆ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၇

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၏တောင်ဘက် မိုင် ၈၀အကွာ ဘာဘီပြည်နယ် ဟီလာမြို့အနီးရှိ ဟမ်ဇာမြို့ဈေးတွင် မတ် ၅ရက် နံနက်ပိုင်းက ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၂ဦးသေဆုံးပြီး ၅၆ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အီရတ်နိုင်ငံ၏ ငြိမ်းချမ်းရေး ရနေသည့် ယင်းဒေသတွင် ယခုဖြစ်ရပ်သည် မကြာသေးမီလများက အီရတ်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့်အကြီးမားဆုံး တိုက်ခိုက်မှုများအနက် တစ်ခုဖြစ်သည်ဟု ဆိုသည်။

ဖွတ်ဖွတ်ညက်ညက်ကြေ

ယခုဖြစ်ရပ်သည် မည်သည့်အုပ်စု၏ လက်ချက်မှန်း မသိရသေးဟု ဆိုသည်။ စစ်ကြောင့် ဖွတ်ဖွတ်ညက်ညက် ကြေနေသည့် ယင်းနိုင်ငံ၏ အချို့ဒေသများတွင် ပေါက်ကွဲမှုများ၊ ဆူပူသောင်းကျန်းမှုများ နေ့စဉ်နှင့်အမျှနီးပါး ဖြစ်ပွားလျက်ရှိသည်။

အကြမ်းဖက်တိုက်

မကြာမီ သီတင်းပတ်များက အီရတ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သော်လည်း ယခင်နှင့်စာလျှင် များစွာလျော့ကျသွားကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ဟောနန်ပြည်တွင် ကျင်းပလျက်ရှိသည့် (၆)ကြိမ်မြောက် ဟောနန် အပြည်ပြည်ဆိုင်ရာ ကားပြပွဲကို မတ် ၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဟယ်ရီပေါ်တာဇာတ်လိုက်အား ဓားဖြင့်ထိုးသတ်သူ ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံရ

လန်ဒန် မတ် ၇

ဟယ်ရီပေါ်တာ ဇာတ်လိုက်ဖြစ်သည့် ဆယ်ကျော်သက်အရွယ်ရှိ ရော့နော့အား ဓားဖြင့်ထိုးသတ်ခဲ့သူတစ်ဦးကို မတ် ၅ရက်က ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် အနှစ် ၂၀ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထို့အပြင် ထိုးသတ်သူမှာ အသက် (၂၂)နှစ်ရှိ ကားလ်ဘီရှော့ဖြစ်ပြီး ပြစ်ဒဏ်ချမှတ်ခံရသည့် သတင်းကြားပြီး လှောင်ပြုံးပြုံးခဲ့သည်။

စစ်ဆေးတွေ့ရှိ

ကားလ်ဘီရှော့က အသက် (၁၈)နှစ်အရွယ်ရှိ ရော့နော့အား လန်ဒန်အရှေ့တောင်ပိုင်း ဆစ်ကပ်မြို့ရှိ အရက်ဆိုင် တစ်ဆိုင်၏ အပြင်ဘက်တွင် ၂၀၀၇ခုနှစ် မေလအတွင်းက သွေးရူးသွေးတန်းဖြင့် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ဘီရှော့သည် ရော့နော့၏ သူငယ်ချင်းလေးဦးအား ရုတ်ရုတ်သဲသဲ တိုက်ခိုက်မှုတွင် ဒဏ်ရာရစေခဲ့မှုဖြင့် အပြစ်ရှိကြောင်း ရုံးတော်က စစ်ဆေးတွေ့ရှိခဲ့သည်။

ပြောကြား

ထို့အပြင် ၄င်းက ရော့နော့အား အိုဘောလီဒေသတွင် သတ်ဖြတ်ခဲ့ကြောင်းလည်း မတ် ၄ရက်က စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု သတင်းတွင် ဖော်ပြသည်။ တရားသူကြီးက ဘီရှော့သည် ယခုအခါတွင် အလွန်အန္တရာယ်ရှိသည့် လူတစ်ဦးဖြစ်သည်ဟု ပြောကြားသည်။ **အမ်အင်န်အေ၊ ရိုက်တာ**



ဖေဖော်ဝါရီလအတွင်း တောင်ကိုရီးယား ကားထုတ်လုပ်မှု ယမန်နှစ်ကထက် ၁၅ ဒသမ ၂ ရာခိုင်နှုန်းကျဆင်း

ဆိုးလ် မတ် ၇

ကမ္ဘာ့စီးပွားရေးပြဿနာများကြောင့် တောင်ကိုရီးယားနိုင်ငံ၏ ဖေဖော်ဝါရီလအတွင်း မော်တော်ကားထုတ်လုပ်မှုမှာ ပြည်တွင်းဝယ်လိုအားများပါ ကျဆင်းလာခဲ့ကြောင်း၊ ဇိမ်ခံကား၊ အိမ်စီးကား၊ ထရပ်ကားနှင့် ဘတ်စ်ကားများအပါအဝင် ဖေဖော်ဝါရီလအတွင်း မော်တော်ကား ၂၃၇၃၅၆စီးသာ ထုတ်လုပ်နိုင်ခဲ့ရာ နှစ်အလိုက် မော်တော်ကားထုတ်လုပ်မှု၏ ၁၅ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာခဲ့ကြောင်း စက်မှုလုပ်ငန်းအဖွဲ့က မတ် ၆ရက်၌ ပြောကြားသည်။

ကျဆင်း

ဖေဖော်ဝါရီလအတွင်း ပြည်တွင်းဈေးကွက်၌ မော်တော်ကားစီးရေ ၈၇၈၁၈ စီးနှင့် ပြည်ပဈေးကွက်သို့ မော်တော်ကားစီးရေ ၁၅၁၂၈၁ စီးသာရောင်းချနိုင်ခဲ့ရာ ယမန်နှစ်အလားတူကာလကထက် ၄ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂၀ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး ကျဆင်းသွားခဲ့သည်။

နေ့ကွေး

သို့သော် ယခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်လျှင်မူ ဖေဖော်ဝါရီလအတွင်း မော်တော်ကားထုတ်လုပ်မှုမှာ ၂၅ ဒသမ ၄ ရာခိုင်နှုန်း၊ ပြည်တွင်းဈေးကွက်သို့ ကားရောင်းချမှုမှာ ၁၈ ဒသမ ၉ ရာခိုင်နှုန်းနှင့် ပြည်ပသို့တင်ပို့ရောင်းချမှု၌ ၂၃ ရာခိုင်နှုန်း အသီးသီးပြန်လည် မြင့်တက်လာခဲ့သည်။ နောင်လာမည့် အချိန်အတိုင်းအတာတစ်ခုအထိ ပြည်ပတင်ပို့မှုမှာ နေ့ကွေးနေလိမ့်မည်ဟု ယူဆကြောင်း စက်မှုလုပ်ငန်းအဖွဲ့၏ ကြေညာချက်၌ ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

လပွတ္တာမြို့နယ် တွဲဖက်အလယ်တန်းကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် မတ် ၇

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကုန်းတန်းပုတ္တကျေးရွာအုပ်စု အင်္ဂတေကျေးရွာ၌ City Mart Holding Co.,Ltd. က ဆောက်လုပ်လှူဒါန်းသော တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မတ်၁ရက်က အဆိုပါ ကျောင်းဆောင်၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် အလှူရှင်များက ကျောင်းဆောင်သစ်လွှဲပြောင်းခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ချမှတ်ဆောင်ရွက်

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိပြီး အစဉ်တိုးတက်စေရန်အတွက် အမျိုးသားပညာရည်မြင့်မားရေးသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင်လည်း ကျေးလက်နေ ပြည်သူများ၏ ပညာရည်မြင့်မားရေးသည် အဓိကအချက်အဖြစ် ပါဝင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မုန်တိုင်းကြောင့် ပျက်စီးမှုများကို ကယ်ဆယ်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိရာတွင် ပြည်သူများ၏ အကျိုးကို လိုလားသည့် အသင်းအဖွဲ့များ၊ စေတနာရှင်များ၊ ဒေသခံ ပြည်သူများကလည်း တတ်စွမ်းသရွေ့ ဝိုင်းဝန်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ ကျောင်းဆောင်သစ် အလှူရှင် City Mart Holding Co.,Ltd. မှ ဒေါ်ဝင်းဝင်းတင့်က ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဧရာဝတီတိုင်း ပညာရေးမှူး ဦးခင်မောင်ရီက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက်အလှူရှင်ဒေါ်ဝင်းဝင်းတင့်က ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများနှင့် ကျောင်းသုံး ပစ္စည်းများကိုလည်းကောင်း၊ အလှူရှင် ဒေါ်ဌေးဌေးမော်မိသားစုက ဒေသခံပြည်သူများ အသုံးပြုနိုင်ရန် အသင့်သုံးထမင်းဘူး၊ လျှပ်စစ်မီးအိမ် LED အလုံး၁၀၀နှင့် အားသွင်းစက်၊မီးစက်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အင်္ဂတေကျေးရွာ အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်း၌ တက်ရောက်နေသော ကျောင်းသား ကျောင်းသူများ ကျောင်းဖွင့်ချိန်တွင် ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့နိုင်ရန် ဝန်ကြီးနှင့်ဇနီးတို့က မတည်ပေးပြီး ဒေါ်ဌေးဌေးမော်မိသားစုနှင့် ဦးဌေးလှိုင်-ဒေါ်လှဲ့လှဲ့တို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမျိုးညွန့်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုံးဘီးဆိုင်ကယ်ယာဉ် လိုင်းသစ်ဖွင့် ကျေးလက်ပြည်သူများ အချိန်တိုအတွင်း သွားလာနိုင်

ရန်ကုန် မတ် ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီကွပ်ကဲမှုဖြင့် ဌာနခွဲ(၃)၏ စီမံမှုအောက်ရှိ သုံးဘီးဆိုင်ကယ်ယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၉နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂)လမ်းမကြီးနှင့် အမှတ်(၇)လမ်းမကြီးဆုံရာ လေးဒေါင့်ကန်ကျေးရွာလမ်းဆုံရာ ဂိတ်ရင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သန်း၊ ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဗိုလ်ကြီးလှထွန်း(ငြိမ်း)တို့က ယာဉ်လိုင်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဗိုလ်ကြီးအောင်ဇော်နိုင်(ငြိမ်း)တို့က တာဝန်ရှိသူများအား အထိမ်းအမှတ်အလံများပေးအပ်ကြသည်။ ကျေးလက်နေပြည်သူများ အချိန်တိုအတွင်း ကူးသန်းရောင်းဝယ်ဖောက်ကား သွားလာနိုင်ရေးတို့ကို အဓိကရည်ရွယ်၍ ဤယာဉ်လိုင်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ခရီးစဉ်များမှာလေးဒေါင့်ကန်ကျေးရွာလမ်းဆုံ မစိုစိုက်ပျိုးမွေးမြူရေးနှင့် အပန်းဖြေစခန်း မုခ်ဦးရှေ့ဂိတ်ရင်းမှ ငါးပိ၊ ငါးခြောက်ဈေး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်ကမ်းနံဘေး သရက်ပင်ချောင်းကျေးရွာအထိ ပြေးဆွဲပေးမည်ဟု သိရသည်။

(၁၂၁)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်

ရန်ကုန် မတ် ၇

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၈)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ မျက်စိဆေးပဒေသာပင်လှူဒါန်းပွဲနှင့် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲကို မတ် ၁ ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းမွေရုံ၌ ကျင်းပရာ ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတရဲ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရဦးစိုးဟန်လင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အသင်းဝင်သက်ကြီးဘိုးဘွား ၁၃၅ ဦးအား ပူဇော်ကန်တော့ကြပြီး ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးပထမ၊ ဒုတိယနှင့် နဝမ ရရှိကြသူများ**(ဝဲပုံ)**နှင့် ခြောက်ဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး အပါအဝင် ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ၂၂ ဦးတို့အား ပညာရည်ထူးချွန်ဆုချီးမြှင့်ကြပြီး ပုသိမ်ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင် ၃၀၆၁ ဦးကို စမ်းသပ်ခွဲစိတ်ကုသမှုအတွက် အလှူငွေကျပ် ၃၂၂သိန်း၊ ဆေးပဒေသာပင်အလှူငွေကျပ်သိန်း၈၀၊ လေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့မှုအစုစုတို့နှင့် အသင်းဝင် ကျောင်းသား ကျောင်းသူ ၁၁ဦးတို့အား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းတို့ကို မှတ်တမ်းတင်ဂုဏ်ပြုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို တင်ပြပြီး အဖွဲ့ဝင် ၄၉ ဦးပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို အစည်းအဝေးတက်ရောက်လာသူများက ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

စာပေဟောပြောပွဲ ဖဒိုမြို့၌ ကျင်းပ

ကျောက်တံခါး မတ် ၇

ကျောက်တံခါးမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၉၁)သစ်စက် ဖဒိုမြို့ စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးကျင်းပသော သတ္တမအကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၅ရက် ည ၇နာရီက အဆိုပါ သစ်စက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ဖဒိုကျေးရွာအုပ်စုဥက္ကဋ္ဌဦးသန်းဇော်၊ အမှတ်(၉၁) သစ်စက် စက်ရုံမှူး ဦးဝင်းဖေတို့က အမှာစကား ပြောကြားကြပြီး စက်ရုံမှူးဦးဝင်းဖေက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)သို့ အလှူငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် စာရေးဆရာလယ်တွင်းသားစောချစ်က လက်ခံယူ၍ **(အောက်ပုံ)**စာရေးဆရာလယ်တွင်းသားစောချစ်က ကျေးဇူးရှင်၊ စာရေးဆရာ နှမ်ဂျာသိုင်းက စာရေးသူမှ စာဖတ်သူသို့၊ စာရေးဆရာအဆိုတော် ဂီတာဖေဝင်းက ဘဝနှင့်စာပေဂီတ စသည့် ခေါင်းစဉ်များဖြင့် စာပေရေးရာများ ဟောပြောကြသည်။

(ဝ၆၅)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးလက်ပြည်သူများ၏ ပညာရည်မြင့်မားရေး အဓိကကျ

ကျေးလက်ပြည်သူများ အချိန်တိုအတွင်း ရောင်းဝယ်ဖောက်ကားရေး ဒဂုံမြို့သစ်(တောင်ပိုင်း)၌ သုံးဘီးဆိုင်ကယ်ယာဉ်လိုင်းဖွင့်

ကြည်ညိုဖွယ်ရာ ဖူးတွေ့ရ

ဥပ္ပါတသန္တိစေတီတော်နှင့် စေတီတော် ပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများကို ဝေဟင်မှ ကြည်ညိုဖွယ်ရာ ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

သွင်းလှူပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဒက္ခိဏဒိသာတောင်ဘက်အရပ်ရှိ ဌာပနာတော်တိုက်၌ ငွေဇောဓိပင်တော်နှင့် ကကုသန္ဓဗုဒ္ဓရုပ်ပွားတော်၊ ရွှေစေတီနှစ်ဆူ၊ ငွေစေတီတစ်ဆူ၊ မြတ်စွာဘုရား ဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များ ဝိနယပိဋကငွေပေလွှာကြုတ်တော်၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်နှင့် အောင်မြေငွေကြုတ်တော်တို့ကို သွင်းလှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပစ္ဆိမဒိသာအနောက်အရပ်ရှိ ဌာပနာတော်တိုက်၌ ငွေဇောဓိပင်တော်နှင့် ကောဏာဂမန ဗုဒ္ဓရုပ်ပွားတော်၊ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် ငါးဆူ၊ ရွှေစေတီတော် နှစ်ဆူ၊ ငွေစေတီတော် တစ်ဆူ၊ ရွှေဇောဓိပင်၊ မြတ်စွာဘုရား ဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များ၊ သုတ္တန္တပိဋကငွေပေလွှာကြုတ်တော်၊ အရှင်မေဓရေ ရဟန္တာရုပ်ပွားတော်၊ ဓာတ်တော်ငွေကြုတ်တော်၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်နှင့် အောင်မြေငွေကြုတ်တော်တို့ကို သွင်းလှူပူဇော်စဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ၊ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသတို့ အမှူးပြုတော်မူသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်များ၊ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒဆရာတော်များ၊ နေပြည်တော်မြို့မ၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးမြို့နယ်တို့မှ သံဃနာယက အဖွဲ့ဝင်ဆရာတော်များနှင့် ပင့်သံဃာတော်များ စုစုပေါင်း ၅၈၃ပါး ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ပုရတ္ထိမဒိသာ အရှေ့အရပ်ရှိ ဌာပနာတော်တိုက်၌ ငွေဇောဓိပင်တော်နှင့် ဂေါတမဗုဒ္ဓ ရုပ်ပွားတော်၊ ရွှေစေတီတော် နှစ်ဆူ၊ ငွေစေတီတော် တစ်ဆူ၊ မြတ်စွာဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များ၊ သင်္ကြောသာရ ရဟန္တာရုပ်ပွားတော်၊ ဓာတ်တော် ငွေကြုတ်တော်၊ ပရိက္ခရာရှစ်ပါး၊ ငွေပဒေသာပင်နှင့် အောင်မြေငွေကြုတ်တော်တို့ကို သွင်းလှူပူဇော်စဉ်။ (သတင်းစဉ်)

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ *စာမျက်နှာ ၇ ကော်လံ ၁*

ဥပ္ပါတသန္တိစေတီတော်

နေပြည်တော်၌ တည်ထားကိုးကွယ်သည့်ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပနေမှုကို ဝေဟင်မှ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

တင်လှူပူဇော်

ဥပ္ပါတသန္တိစေတီတော်အထွတ်၌ ရွှေထီးတော်၏ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌမနှင့် သတ္တမဘုံဆင့်များ၊ ဆပ်သွားဖူးတော်နှင့် ဖွန်းဘုံများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းက ဘုရားဒါယကာ ဒါယိကာမများကိုယ်စား တပ်ဆင်တင်လှူ ပူဇော်ပေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဥပ္ပါတသန္တိ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဒေသခံပြည်သူများ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

မဟာမင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်မဟာမင်္ဂလာ အခမ်းအနား ပထမပိုင်းအစီအစဉ်ဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်မှု ဆည်းပူးခြင်းကို နံနက် ၇နာရီ ၁၅ မိနစ်တွင် စေတီတော်လိုဏ်တော်အတွင်း၌ ကျင်းပသည်။

ဖွင့်လှစ်

အစီအစဉ်အရ ဆရာတော်သံဃာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် အဆိုတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးထွန်းရွှေက စောင်းဦးစိုးဝင်း(မန္တလေး)နှင့် တွဲဖက်၍ ထူးမခြားနား သီချင်းခုံသုံးပိုဒ်ဖြင့် သီဆိုပူဇော်ပြီး နန်းရှေ့မဟာမင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရူနှင့် အောင်စည်အောင်မောင်းကိုးကြိမ် တီးခတ်ပူဇော်ကြသည်။

ကိုးပါးသီလခံယူဆောက်တည်

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မင်္ကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်ကြပြီး ပရိသတ်များက ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့်ပရိတ်သဲများကို စေတီတော်ရင်ပြင်၌ ပက်ဖျန်းကြဲဖြန့် ချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် စေတီတော်တည်ဆောက်ရေး ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မင်္ကွေးဆရာတော်ထံ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများက ရတနာစိန်ဖူးတော်၊ ဥပ္ပါတသန္တိစေတီတော်ကို သာဟတ္ထိက ကိုယ်တိုင်လက်ရောက် ကာယကံမြောက်အောင် ဆက်သွယ်ထားသည့်ယပ်တော် (ဈာနမုဒြာ ဗုဒ္ဓပဋိမာနှင့် ဆင်ခံရုပ်ပွားတော်၊ ရွှေစင်ပဋိမာနှစ်ဆူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝရဒါဌာဓာတုစွယ်တော်မြတ်တစ်ဆူ၊ရွှေစေတီတော်နှစ်ဆူ၊ ရွှေစင်ပရိက္ခရာ ရှစ်ပါးပုံစံတော်၊ ရွှေစင်အကွပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁

ဥပ္ပါတသန္တိစေတီတော်အထွတ်၌ ရွှေထီးတော်၏ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌမနှင့် သတ္တမဘုံဆင့်များ၊ ဆပ်သွားဖူးတော်နှင့် ဖွန်းဘုံများကို ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဘုရားဒါယကာ ဒါယိကာမ များကိုယ်စား တပ်ဆင်တင်လှူပူဇော်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုများက ရတနာစိန်ဖူးတော်ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်းတို့က အထက်ဌာပနာတော် ပစ္စည်းများဖြစ်သည့် ရွှေစေတီတော်၊ ရွှေစင်အကွပ်တော်၊ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်၊ ငွေဖောမိပင်၊ ဝိသုံဂါမ ရွှေသိမ်တော်ကို သာဟတ္ထိကကိုယ်တိုင်လက်ရောက်ကာယကံမြောက်အောင် ဆက်သွယ်ထားသည့် ယပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းတို့က ရွှေစင်အကွပ်တော်၊ အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ရွှေစေတီတော်၊ ငွေဖောမိပင်တော်၊ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်၊ ဓာတ်တော် ငွေကြုတ်၊ ပရိက္ခရာရှစ်ပါးငွေပဒေသာပင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

လှူဒါန်း

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြဘာသဓာဘိဝံသထံ စေတိယပါလစံ ကျောင်းတော် အလှူရှင် ငွေဆင်ကုမ္ပဏီမှ ဦးစိုးမြင့်-ဒေါ်နန်းမြင့်၊ သံဃာရာမကျောင်းဆောင်တော် အမှတ်(၁)အလှူရှင် အေစီအီးကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်းနှင့် ဇနီး ဒေါက်တာဌေးဌေးငြိမ်း၊ သံဃာရာမကျောင်းဆောင်တော် အမှတ်(၂) အလှူရှင် ကမ္ဘောဇကုမ္ပဏီမှ ဦးအောင်ကိုဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်နန်းသန်းထွေး၊ သံဃာရာမကျောင်းဆောင်တော် အမှတ်(၃) အလှူရှင် အေးရှားဝေါလ်ကုမ္ပဏီမှ ဦးထွန်းမြင့်နိုင်၊ သံဃာရာမကျောင်းဆောင်တော် အမှတ်(၄)အလှူရှင် ဇေခင်ကုမ္ပဏီမှ ဦးချစ်ခိုင်၊ သာသနာ့ မဟာဗိမာန်တော် အလှူရှင် ထူးထရေးဒင်းကုမ္ပဏီမှ ဦးတေဇ၊ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်အလှူရှင် မက်စ်မြန်မာကုမ္ပဏီမှ ဦးဇော်ဇော်နှင့်ဇနီး ဒေါ်ဌေးဌေးခိုင်၊ ဂေါပကရုံး အလှူရှင်များဖြစ်ကြသည့် အော်ရီဂျင်နယ်ကုမ္ပဏီ၊ ကေကုမ္ပဏီ၊ ဆောင်းပေါမာန်ကုမ္ပဏီ၊ တစ်ကောင်ဘွားကုမ္ပဏီနှင့် ယူအက်စ်အမ် ကုမ္ပဏီတို့ ကိုယ်စား အော်ရီဂျင်နယ်ကုမ္ပဏီမှ ဦးသာဌေးနှင့် ကေကုမ္ပဏီမှ ဦးခင်မောင်အေး၊ အရှေ့တောင် ဓာတ်လှေကားအလှူရှင် ဂိုးလ်ဒင်းဖလားဝါးကုမ္ပဏီမှ ဦးအောင်ထွေး၊ ဂေါတမဗုဒ္ဓရတနာကျောက်စိမ်း ရုပ်ပွားတော်အလှူရှင်များ ဖြစ်ကြသည့် ဦးသိန်းဆွေနှင့် ဦးခင်မောင်လတ်၊ ကောဏာဂမနဗုဒ္ဓနှင့် ဂေါတမဗုဒ္ဓရတနာကျောက်စိမ်းပလ္လင်တော်များအလှူရှင် ကျောက်စိမ်းတောင်ကုမ္ပဏီမှ ဦးသိန်းဇော်၊ ကကုသန္ဓဗုဒ္ဓရတနာ ကျောက်စိမ်းရုပ်ပွားတော်နှင့် ကဿပဗုဒ္ဓရတနာကျောက်စိမ်းပလ္လင်တော် အလှူရှင် ကံပွင့်ဦးကုမ္ပဏီမှ ဒေါ်နန်းကလျာချော၊ ကကုသန္ဓဗုဒ္ဓရတနာကျောက်စိမ်းပလ္လင်တော်အလှူရှင် ရွှေဂေါင်ဂေါင်ကုမ္ပဏီမှ ဦးအောင်သွင်လေး၊ ကောဏာဂမနဗုဒ္ဓ ရတနာကျောက်စိမ်း ရုပ်ပွားတော်နှင့် ကဿပဗုဒ္ဓရတနာကျောက်စိမ်း ရုပ်ပွားတော် အလှူရှင် အဲဗားဝင်းနား ကုမ္ပဏီမှ ဒေါ်စန်းစန်းခိုင်တို့က သာဟတ္ထိက ကိုယ်တိုင် လက်ရောက် ကာယကံမြောက်အောင် ဆက်သွယ်ထားသည့် ယပ်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၇ မှ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ရတနာငှက်မြတ်နားတော်၊သီရိလင်္ကာနိုင်ငံမှ ဝရဒါဌာဓာတုစွယ်တော်မြတ်တစ်ဆူ၊ ရွှေစေတီတော်နှစ်ဆူ၊ရွှေပဒေသာပင်၊ ရွှေစင်အကွပ်တော်၊ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်ကြီးကိုယ်စား ရွှေထီးတော်ငယ်တစ်ဆူ၊ ရွှေစင်အကွပ်တော်၊ အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ငွေဖောမိပင်တော်၊ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ရွှေစင်အကွပ်တော်၊ အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ရွှေစေတီတော်၊ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်၊ ပိဋကတ်သုံးပုံငွေပေလွှာ၊ ဓာတာတော်ငွေကြုတ်လေးခုနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ရွှေစင်အကွပ်တော်၊ အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ရွှေစေတီတော်၊ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်၊ ပိဋကတ်သုံးပုံငွေပေလွှာ၊ ဓာတာတော် ငွေကြုတ်လေးခုကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့ ရတနာငှက်မြတ်နားတော်၊ သီရိလင်္ကာနိုင်ငံမှ ဝရဒါဌာဓာတုစွယ်တော်မြတ်တစ်ဆူ၊ ရွှေစေတီတော်နှစ်ဆူ၊ ရွှေပဒေသာပင်၊ ရွှေစင်အကွပ်တော်၊ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ကိုးပါးသီလ ခံယူဆောက်တည်

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် အထက်ဥပုသ်ာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ယင်းနောက် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြသဓာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲနှင့် ဇနီး အမှူးပြုသော ဘုရားဒါယကာ ဒါယိကာမများကိုယ်စား စေတီတော်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးက စေတီတော်တည်ဆောက်ရေး ဗိသုကာပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ဗိသုကာပညာရှင်များကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက လက်ခံသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်ကို ဗိသုကာပညာရှင်များက မူလ ဘုရားဒါယကာ ဒါယိကာမများထံ ပြန်လည်အပ်နှံခြင်းစာတမ်းကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက ဖတ်ကြားသည်။

ဆက်လက်၍ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ပူဇော်ရာ၌ မပြည့်စုံမှု၊ မှားယွင်းမှုများရှိပါက ခွင့်လွှတ်ပါရန် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များထံတောင်းပန်လွှာကို ဘုရားဒါယကာများကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က ဖတ်ကြားသည်။

နေရာယူ

ယင်းနောက် မဟာမင်္ဂလာအခမ်းအနား ဒုတိယပိုင်းဖြစ်သည့် အထက်ဥပုသ်ာတော်သွင်းလှူပူဇော်ခြင်း အစီအစဉ်ကိုကျင်းပရာ ရှေးဦးစွာ အလှပန်းစိုက်ငွေဖလားနှင့် သာသနာ့အလံကိုင် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များ၊ ပန်းဖလားကိုင်အမျိုးသမီးများ၊ ငွေဖလားကိုင်ဥပါသကာများသည် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ထို့နောက် ရတနာစိန်ဖူးတော်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ဇနီးဒေါ်ကြိုင်ကြိုင်နှင့်မိသားစုဝင်များကဦးဆောင်၍ မင်္ဂလာဝေါယာဉ်ဖြင့် ပင့်ဆောင်ကြလျက် စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်သည်။

ပင့်ဆောင်ပူဇော်

ဆက်လက်၍ ရတနာငှက်မြတ်နားတော်ကို ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး နှင့်ဇနီးဒေါ်မြမြစန်းတို့က မင်္ဂလာဝေါယာဉ်ဖြင့် လည်းကောင်း၊ ရွှေထီးတော်ငယ်တစ်ဆူကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ကလည်းကောင်း၊ အထက်ဥပုသ်ာတော်မြောက်အရပ်ဥပုသ်ာတော်တိုက်တွင် သွင်းလှူပူဇော်မည့် ငွေဗောဓိပင်တော်နှင့် ကဿပဗုဒ္ဓကျောက်စိမ်းရုပ်ပွားတော်တို့ကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့ကလည်းကောင်း၊ ရွှေစေတီတော်နှစ်ဆူကို စေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့က လည်းကောင်း၊ ရွှေစင်အကွပ်တော်နှစ်ခုကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ကလည်းကောင်း၊ အထက်ဥပုသ်ာတော်ပစ္စည်းများဖြစ်သည့် ရွှေစေတီတော်ခြောက်ဆူ၊ ငွေစေတီတော်လေးဆူ၊ ရွှေဗောဓိပင်သုံးပင်၊ ဓာတ်တော်ငွေကြုတ်လေးခု၊ အောင်မြေငွေကြုတ်လေးခု၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်လေးပင်၊ ကောဏာဂမန၊ ကဿပနှင့် ဂေါတမ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်များ၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်ဥပဂုတ္တနှင့် အရှင်သိဝလိ ရဟန္တာရုပ်ပွားတော်များ၊ ရွှေစင်အကွပ်တော်ခြောက်ခု၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်တို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီး မိသားစုများကလည်းကောင်း ငွေလင်ပန်းများဖြင့် အသီးသီး ပင့်ဆောင်ပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်တို့ ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်ကြီးကိုယ်စားရွှေထီးတော်ငယ်တစ်ဆူ၊ ရွှေစင်အကွပ်တော်၊ အထက်ဥပုသ်ာတော်ပစ္စည်းများဖြစ်သည့် ငွေဗောဓိပင်တော်၊ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်တို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

လှည့်လည်ပူဇော်

ထိုသို့ လှည့်လည်ပင့်ဆောင်ရာတွင် ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်နှင့် အထက်ဥပုသ်ာတော်ပစ္စည်းများကို ထီးဖြူဆောင်းမိုးပူဇော်သည့် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံခင်းကျင်းလျက် နန်းရှေ့ မဟာမင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာစည်တော်သံများ တီးခတ်ပူဇော်ကြကာ သာသနာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ လှည့်လည်ပူဇော်ကြသည်။

ဆက်လက်ပင့်ဆောင်

ထို့နောက် ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တို့ကို စေတီတော်လိုဏ်တော်အတွင်း ယာယီအဖူးမြော်ခံစင်မြင့်ထက်သို့ ပင့်ဆောင်ကြပြီး အထက်ဥပုသ်ာတော်တိုက်များ၌ သွင်းလှူပူဇော်မည့် ဥပုသ်ာတော်ပစ္စည်းများကို အထက်ဥပုသ်ာတော်တိုက်များသို့ ဆက်လက်ပင့်ဆောင်ကြသည်။

ဆက်လက်၍ အထက်ဥပုသ်ာတော်သွင်းနှင့် ရွှေထီးတော်တင်လှူပူဇော်ကြမည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ စစ်ရေးချုပ်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် အထက်ဥပုသ်ာတော်တိုက် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ဖတ်ကြားလျှောက်ထား

ထို့နောက် ဥပ္ပါတသန္တိစေတီတော် အထက်ဥပုသ်ာတော်တိုက်သို့ ဥပုသ်ာတော်ပင့် ပသန္နယာစနကထာကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးစံသင်းလှိုင်က ဖတ်ကြားလျှောက်ထားသည်။

ထိုအချိန်တွင် အနုပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့က ဓမ္မပူဇာတေးများဖြင့် သီကျူးပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက မင်္ဂလာ အခါတော်စာတမ်းကို ဖတ်ကြားပြီး အထက်ဥပုသ်ာတော်တိုက်၏ ဒက္ခိဏ ဒိသာတောင်အရပ်မျက်နှာရှိ ဥပုသ်ာတော်တိုက်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ပစ္ဆိမဒိသာအနောက်အရပ်မျက်နှာရှိ ဥပုသ်ာတော်တိုက်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးသက်စိုး၊ ဥတ္တရဒိသာမြောက်အရပ်မျက်နှာရှိ ဥပုသ်ာတော်တိုက်ကို ဒုတိယဗိုလ်မှူးကြီးတင်ဦးနှင့် ပုရတ္ထိမဒိသာ အရှေ့အရပ်မျက်နှာရှိ ဥပုသ်ာတော်တိုက်ကို ဗိုလ်မှူးဇော်နိုင်ဦးတို့က ဖွင့်လှစ်ပေးကြသည်။

သွင်းလှူပူဇော်

ထို့နောက် အခမ်းအနားမှူးက မင်္ဂလာအချိန်ဖြစ်သော နံနက် ၈နာရီ ၂၇မိနစ် ၁၀စက္ကန့်အချိန်တွင် ''မင်္ဂလာအခါတော်''ဟု ကြွေးကြော်လိုက်သည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဒက္ခိဏဒိသာတောင်ဘက်အရပ်ရှိ

စာမျက်နှာ ၁၀ ကော်လံ ၁

ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ အထက်ဌာပနာတော်ပစ္စည်းများဖြစ်သည့် ရွှေစေတီတော်၊ ရွှေစင်အကွပ်တော်၊ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်၊ ငွေဖောင်းပင်၊ ဝိသုံဂါမရွှေသိမ်တော်ကို သာဟတ္ထိက ကိုယ်တိုင်လက်ရောက် ကာယကံမြောက်အောင် ဆက်သွယ်ထားသည့် ယပ်တော်တို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဌာပနာတော်တိုက်၌ ငွေဖောင်းပင်တော်နှင့် ကကုသန္ဓဗုဒ္ဓ ရုပ်ပွားတော်၊ ရွှေစေတီနှစ်ဆူ၊ ငွေစေတီတစ်ဆူ၊ မြတ်စွာဘုရား ဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များ၊ ဝိနယပိဋကငွေပေလွှာကြုတ်တော်၊ ပရိက္ခရာရှစ်ပါး၊ ငွေပဒေသာပင်နှင့် အောင်မြေငွေကြုတ်တော်တို့ကို သွင်းလှူပူဇော်သည်။

တစ်ချိန်တည်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ပစ္ဆိမဒိသာအနောက်အရပ်ရှိ ဌာပနာတော်တိုက်၌ ငွေဖောင်းပင်တော်နှင့် ကောဏာဂမနဗုဒ္ဓရုပ်ပွားတော်၊ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ငါးဆူ၊ ရွှေစေတီတော်နှစ်ဆူ၊ ငွေစေတီတော်တစ်ဆူ၊ ရွှေဖောင်းပင်၊ မြတ်စွာဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များ၊ သုတ္တန္တပိဋကငွေပေလွှာကြုတ်တော်၊ အရှင်မေဓရ ရဟန္တာရုပ်ပွားတော်၊ ဓာတ်တော် ငွေကြုတ်တော်၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်နှင့် အောင်မြေငွေကြုတ်တော်တို့ကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညွှန့်ထွန်းက ဥတ္တရဒိသာမြောက်အရပ်ရှိ ဌာပနာတော်တိုက်၌ ငွေဖောင်းပင်တော်နှင့် ကဿပဗုဒ္ဓရုပ်ပွားတော်၊ ရွှေစေတီတော်နှစ်ဆူ၊ ငွေစေတီတော်တစ်ဆူ၊ မြတ်စွာဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များ၊ အဘိဓမ္မ ပိဋကငွေပေလွှာကြုတ်တော်၊ သာရဒတ္တ ရဟန္တာရုပ်ပွားတော်၊ ဓာတ်တော်ငွေကြုတ်တော်၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်နှင့် အောင်မြေငွေကြုတ်တော်တို့ကို လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ပုရတ္ထိမဒိသာအရှေ့အရပ်ရှိ ဌာပနာတော်တိုက်၌ ငွေဖောင်းပင်တော်နှင့် ဂေါတမဗုဒ္ဓရုပ်ပွားတော်၊ ရွှေစေတီတော်နှစ်ဆူ၊ ငွေစေတီတော်တစ်ဆူ၊ မြတ်စွာဘုရားဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များ၊ သက္ကောသာရ ရဟန္တာရုပ်ပွားတော်၊ ဓာတ်တော်ငွေကြုတ်တော်၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်နှင့် အောင်မြေငွေကြုတ်တော်တို့ကို လည်းကောင်း သွင်းလှူပူဇော်ကြသည်။

ပက်ဖျန်းပူဇော်

ယင်းနောက် တာဝန်ခံ ဗိသုကာအင်ဂျင်နီယာများက အထက်ဌာပနာတော်တိုက်များကို ပိတ်ပေးကြပြီး ဘုရားဒါယကာများက ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြရာ ထိုအချိန်တွင် သံဃာတော်များဦးဆောင်၍ ပရိသတ်များက "ဇယန္တောဗောဓိယာမူလေ"အစချီသော ဇယမင်္ဂလာ အောင်ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ဆက်လက်၍ မဟာမင်္ဂလာအခမ်းအနား တတိယပိုင်းဖြစ်သည့် ရွှေထီးတော်တင်လှူပူဇော်ခြင်း အစီအစဉ်ကို ကျင်းပရာ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင်လှူပူဇော်မည့် စေတီတော်အထွတ် ငြမ်းအထက်သို့ အသီးသီးတက်ရောက် နေရာယူကြသည်။

တင်လှူပူဇော်

ထို့နောက် ဘုရားဒါယကာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစုတို့သည် အခမ်းအနားမှူးက မင်္ဂလာအခါတော်ဟု ကြွေးကြော်သည့် နံနက် ၉နာရီမှစတင်၍ ရွှေထီးတော် ပထမဘုံဆင့်မှစတင်ကာ ရွှေထီးတော် ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌနှင့်သတ္တမဘုံဆင့်များ၊ ဆပ်သွားဖူးတော်နှင့်ဗွန်းဘုံများကို ရတနာ ရွှေကြိုး ငွေကြိုးများဆွဲ၍ လည်းကောင်း၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဗိုလ်ချုပ်ညွှန့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် ရွှေထီးတော်၏ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌနှင့် သတ္တမဘုံဆင့်များ၊ ဆပ်သွားဖူးတော်နှင့် ဗွန်းဘုံများကို စေတီတော်အထွတ်၌ ဘုရားဒါယကာ ဒါယိကာမများကိုယ်စား တပ်ဆင်ပေး၍ လည်းကောင်း တင်လှူပူဇော်ပေးကြသည်။

ထို့နောက် ရွှေထီးတော်ဘုံဆင့်များအား ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် သံဃာတော်များဦးဆောင်၍ ပရိသတ်များက "ဇယန္တောဗောဓိယာမူလေ"အစချီသော ဇယမင်္ဂလာ အောင်ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအောင်သြဘာစာတမ်းကို ဖတ်ကြားပူဇော်သည်။

အောင်မြင်စွာကျင်းပ

ထို့နောက် ဥပါသကာများက အောင်စည်အောင်မောင်း ကိုးချက်တီးခတ်ပူဇော်၍ မင်္ဂလာစည်တော်အဖွဲ့က အောင်စေပိုင်စေ မင်္ဂလာဓမ္မတေးဖြင့် သီကျူးတီးခတ်ပူဇော်ကြပြီး နံနက် ၁၀နာရီ ၁၀မိနစ်တွင် ပထမနေ့ မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသည်။

မတ် ၈ရက် (၁၃၇၀ပြည့်နှစ် တပေါင်းလဆန်း ၁၃ရက်)တွင် ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဒုတိယနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်းတို့ ရွှေစင်အကွပ်တော်၊ အထက်ဌာပနာတော် ပစ္စည်းများဖြစ်သည့် ရွှေစေတီတော်၊ ငွေဖောင်းပင်တော်၊ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်၊ ဓာတ်တော်ငွေကြုတ်တော်၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်တို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညွှန့်ထွန်း ဥတ္တရဒိသာ မြောက်အရပ်ရှိ ဌာပနာတော်တိုက်၌ ငွေဖောင်းပင်တော်နှင့် ကဿပဗုဒ္ဓရုပ်ပွားတော်၊ ရွှေစေတီတော်နှစ်ဆူ၊ ငွေစေတီတော်တစ်ဆူ၊ မြတ်စွာဘုရား ဓာတ်တော်နှင့် ရဟန္တာဓာတ်တော်များ၊ အဘိဓမ္မပိဋကငွေပေလွှာကြုတ်တော်၊ သာရဒတ္တ ရဟန္တာရုပ်ပွားတော်၊ ဓာတ်တော် ငွေကြုတ်တော်၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်နှင့် အောင်မြေငွေကြုတ်တော်တို့ကို သွင်းလှူပူဇော်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၈-၃-၂၀၀၉ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ အကပြိုင်ပွဲ
- ၈:၀၀ ၆။ တေးဂီတအစီအစဉ်
- ၈:၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၂၀ ၈။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ **အမျိုးနှင့် မျိုး** နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ဇရာ၊ဝင်းနိုင်(အနုပညာ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၂၉)
- ၁၂:၄၀ ၄။ Golf Magazine (TV)
- ၁၂:၅၀ ၅။ မြန်မာရုပ်ရှင် **ရွှေခြည်ငွေခြည်တန်းပါလို့** ညွှန့်ဝင်း၊ ခင်ယုမေ၊ ချိုပြုံး (ဒါရိုက်တာ-ဦးသုခ)

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၃၀ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲ ဆုရတေးများ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ ကျေးရူးတင်ပါတယ် DOTS လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း)
- ၅:၂၀ ၈။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၀ ၉။ ဆိုကြမယ်ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
- ၆:၅၅ ၁၃။ တစ်မျက်နှာတစ်ကွက်စာ **သိလိုက်တဲ့အခါဝယ်** ဒိန်းဒေါင်၊ရာဇာပေါက်စီ၊ချာလီ [ဒါရိုက်တာ-ထင်ထင်း]
- ၇:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၂၅)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၁၇)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ ခုနှစ် မတ်လအတွက်

၈-၃-၂၀၀၉ ရက်နေ့ နှင့် ၂၉-၃-၂၀၀၉ ရက်နေ့

ကမ္ဘာလှည့်ခရီးသွားများအတွက် မြေပုံများ အခမဲ့ထပ်မံဖြန့်ချိထား

ရန်ကုန် မတ် ၇

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုအဆင်ပြေ တိုးတက်စေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ထုတ်ဝေသော Tourist Maps of Myanmar (TMM-22)ကို အခမဲ့ ထပ်မံဖြန့်ချိလိုက်ပြီဖြစ်သည်။

အချိန်ကုန်သက်သာ

Tourist Maps of Myanmar (TMM-22)တွင် မြန်မာပြည်အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊ မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီးအသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ ငပလီမြေပုံ၊ ငွေဆောင်မြေပုံ၊ ချောင်းသာမြေပုံ၊ မြိတ်မြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ ပြည်တွင်းလေကြောင်းလိုင်းများ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၊ ခရီးသွားလုပ်ငန်းများ၏တည်နေရာကို တိကျရှင်းလင်းစွာ ဖော်ပြထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် ထိုခရီးသွားလမ်းညွှန်မြေပုံများ၏ အကူအညီနှင့် မြန်မာနိုင်ငံတွင်းရှိ စိတ်ဝင်စားဖွယ်ရာ နေရာများသို့ အချိန်ကုန်သက်သာစွာဖြင့် လေ့လာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသွားများ လွယ်လင့်တကူ သုံးစွဲနိုင်ရန် အဆိုပါမြေပုံများကို လေဆိပ်မှစ၍ ပြည်တွင်းရှိဟိုတယ်များ၊ စားသောက်ဆိုင်များ၊ NGO များ၊ သံရုံးနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသို့ သာမက ယခုအကြိမ်တွင် နိုင်ငံတကာရှိ မြန်မာသံရုံးများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ကြီးကြပ်ပေးပို့သွားမည်ဖြစ်သည်။ ထို့ပြင် ပြည်ပနိုင်ငံများရှိ ခရီးသွားလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများ၊ ဉပမာ-ထိုင်း ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၊ ဂျာမနီခရီးသွားလုပ်ငန်း အစည်းအရုံးများသို့ ဖြန့်ဝေပေးမည်ဖြစ်သည်။ အထူးသဖြင့် မတ်၁၁ရက်မှ ၁၅ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပမည့် (ITB Berlin-2009) တွင် ဖြန့်ဝေပေးမည်ဖြစ်သည်။

ပိုမိုအားဖြည့်

အထူးသဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိလာသူများ အသုံးအများဆုံး ယခု Tourist Maps of Myanmar (၂၂)ကြိမ်မြောက်ကို နိုင်ငံတကာသို့ ပိုမိုအားဖြည့်ပေးပို့သွားမည်ဖြစ်ပြီး ပြည်တွင်းမှ လုပ်ငန်းရှင်များအနေဖြင့်လည်းလာရောက်ပူးပေါင်းဆောင်ရွက်နိုင်ကြသည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းများ၊ ညှော်လမ်းညွှန်များသည် ကုမ္ပဏီအမှတ်တံဆိပ်ပါ ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း (ဆူးလေ)တွင်လည်းကောင်း၊ D.P.S မြေပုံထုတ်ဝေရေး အမှတ်(၁၆၅-၁၆၇) ပထမထပ် ၃၅လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-(၉၅-၁) ၂၀၄၀၂၀၊ ၂၀၄၂၀၀၊ ဖက်စ်-(၉၅-၁) ၂၄၅၂၃၀တွင် လည်းကောင်း ရုံးချိန်အတွင်း အခမဲ့လာရောက် ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ထိုင်၊ ထလေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပေးခြင်းဖြင့် ဆီးချိုရောဂါဖြစ်ပွားမှု လျော့ကျနိုင်

ထိုင်၊ ထလေ့ကျင့်ခန်းကို ဖြည်းဖြည်းနှင့် မှန်မှန် နေ့စဉ် ၁၅မိနစ်ခန့် ပြုလုပ်ပေးပါက ဆီးချိုရောဂါဖြစ်ပွားမှု လျော့ကျစေကြောင်း ပြင်သစ်သုတေသနပညာရှင်များက ထုတ်ဖော် ပြောကြားလိုက်သည်။

ဖြည်းဖြည်းမှန်မှန်

နံနက်ပိုင်းအိပ်ရာမှထချိန် ကိုယ်လက်သန့်စင်ပြီးပါက သန့်ရှင်းလတ်ဆတ်သောလေရရှိနိုင်သည့် နေရာတွင် မတ်မတ်ရပ်ကာ ထိုင်၊ ထ ကိုယ်လက်လေ့ကျင့်ခန်းကို ဖြည်းဖြည်းမှန်မှန်ပြုလုပ်ပေးခြင်းသည် ဆီးချိုရောဂါဖြစ်ပွားမှု ကျဆင်းစေကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

ကျဆင်း

ဆီးချိုရောဂါဖြစ်ပွားသူ ၁၀၀၀ ခန့်အား သုံးနှစ်ကြာသုတေသနပြု လေ့လာခဲ့ရာ ဆီးချိုရောဂါခံစားရမှု ၂၀ရာခိုင်နှုန်း ကျဆင်းစေကြောင်း တွေ့ရှိရသည်ဟု ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။



ပုံမှန်စားသုံး

သို့သော် ငယ်ရွယ်စဉ်ကပင် ဟင်းသီးဟင်းရွက်ကို နေ့စဉ် ပုံမှန်စားသုံးပေးခြင်းနှင့် ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန် ပြုလုပ်ပေးခြင်းတို့သည် ဆီးချိုရောဂါကို အကောင်းဆုံးကာကွယ်နိုင်သော နည်းလမ်းများဖြစ်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

မီးသတိပြု

ကချင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၇

ယနေ့နံနက် ၉နာရီခွဲ အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် အများအားဖြင့်သာယာမည်။

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

ချယ်လ်ဆီးတို့ အဝေးကွင်း၌ နှစ်ဂိုးပြတ်နိုင်ပွဲရ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတက်ရောက်

ရေးသားတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

လန်ဒန် မတ် ၇

အက်ဖ်အေဖလားကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ကိုဗင်ထရီနှင့် ချယ်လ်ဆီးတို့ မတ် ၇ရက်က ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးက နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

ကိုဗင်ထရီ၏ ရီဘော့အရီနာ ဘောလုံးကွင်း၌ ချယ်လ်ဆီးတို့ အကြိတ်အနယ် ကစားခဲ့ရသည်။ ဂူဟာစ်ဒင့်က ယခုပွဲတွင် ကာလူး၊ ဒရော့ဘာ တိုက်စစ်အတွဲကို မာလူဒါ၊ ဘောလက်၊ မီခေးလ်နှင့် လမ်းပတ်တို့ဖြင့် ကွင်းလယ်မှ အားဖြည့်ကစားစေခဲ့သည်။

ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ဒရော့ဘာ(ယာ) ဤသို့သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အဖွင့်ဂိုး

အိမ်ရှင်ကိုဗင်ထရီတို့က မော်ရစ်ဆင်၊ ဘတ်နှင့် အိဝုဒ်တို့ တိုက်စစ်မှူးသုံးဦးကို ရှေ့တင်ကာ ၄း၃း၃ အခင်းအကျင်းဖြင့် ရင်ဆိုင်ခဲ့ပြီး ချယ်လ်ဆီးကို ခြေရည်တူကစားခဲ့သည်။ ချယ်လ်ဆီးတို့ ကွင်းလယ်ကစားအားကိုယူကာ တိုက်စစ်ဆင် ကစားခဲ့မှုကြောင့် ပွဲချိန် ၁၅မိနစ်၌ ဒရော့ဘာက ကိုဗင်ထရီဂိုးနှင့် ခြောက်ကိုက်အကွာမှ ဘယ်ခြေဖြင့် အပိုင်ကန်သွင်းယူလိုက်သဖြင့် အဖွင့်ဂိုး ရရှိခဲ့သည်။

ဦးဆောင်

သို့သော် ၃၇မိနစ်၌ ကိုဗင်ထရီ တိုက်စစ်မှူး အိဝုဒ်က အမှတ်မထင် ညာခြေဖြင့် ကန်သွင်းချက်ကို ချယ်လ်ဆီး ဂိုးသမားပီတာချက် ကာကွယ်နိုင်ခဲ့၍ ချယ်လ်ဆီးတို့ ချေပဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ ပထမပိုင်း၌ ချယ်လ်ဆီးတို့ တစ်ဂိုး အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယဂိုး

ဒုတိယပိုင်းတွင် ချယ်လ်ဆီးတို့ ကစားအား တင်ခဲ့သော်လည်း ကိုဗင်ထရီတို့ အမှားအယွင်းနည်းစွာ ကစားခဲ့မှုကြောင့် ချယ်လ်ဆီးတို့ ဂိုးထပ်မံမသွင်းနိုင်ဘဲ ဖြစ်ခဲ့သည်။ သို့သော် ဒုတိယပိုင်း ပွဲချိန် ၇၂မိနစ်၌ ချယ်လ်ဆီးနောက်ခံလူ အဲလက်စ်က ၁၂ကိုက်အကွာမှ ဘယ်ခြေဖြင့် ကန်သွင်းခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့သည်။

တက်ရောက်

ကိုဗင်ထရီတို့ ချေပဂိုးတစ်ဂိုးမျှမသွင်းနိုင်ခဲ့သဖြင့် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ချယ်လ်ဆီးတို့ ယခုပွဲ အနိုင်ရရှိသဖြင့် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ (အင်တာနက်)

ဗြိတိသျှအပြေးသမားသုံးဦး တူရင်ပြေးခုန်ပစ်နှင့် လွဲချော်

လန်ဒန် မတ် ၇

ဗြိတိသျှ ပြေးခုန်ပစ် အားကစားသမားသုံးဦးဖြစ်သည့် ကယ်လီဆိုသာတန်၊ ဂျိတ်ဂွန်ဆန်းနှင့် ခရစ်ဝါဘာတန်တို့ သုံးဦးသည် ဒဏ်ရာများ အသီးသီးရရှိထားကြမှုကြောင့် တူရင်မြို့၌ကျင်းပမည့် ဉရောပ အင်ဒိုးချန်ပီယံရှစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း သတင်း၌ဖော်ပြသည်။

အသက် ၃၂ နှစ်ရှိ ပင်တာသလွန် အားကစားမယ် ဆိုသာတန်သည် ခြေဖနောင့်ဒဏ်ရာ၊ အသက် ၂၈ နှစ်ရှိ အဝေးခုန် အားကစားသမား ဂျိတ်ဂွန်ဆန်းက ခြေထောက်ဒဏ်ရာနှင့် အသက် ၂၅ နှစ်ရှိ မီတာ ၁၅၀၀ အပြေးသမား ဝါဘာတန်သည် ညာခြေဖဝါးဒဏ်ရာ အသီးသီး ရရှိထားကြကြောင်း သိရသည်။ (အင်တာနက်)

မေသဟာယဟဲဗီးဝိတ်သရဖူ မာတင်ရိုဂန် ဆွတ်ခူး

လန်ဒန် မတ် ၇

အသက်၃၇နှစ်ရှိ လက်ဝှေ့ကျော် မက်စကယ်လ်တန်သည် ၎င်း၏သက်တမ်းတစ်လျှောက်တွင်ပထမဦးဆုံးအဖြစ် မာတင်ရိုဂန်(**အပေါ်ယာပုံ**)အား ရှုံးနိမ့်ခဲ့ပြီး ၎င်း၏ မေသဟာယ ဟဲဗီးဝိတ်သရဖူကို ဆုံးရှုံးခဲ့သည်။

ဘာမင်ဂမ်မြို့ အင်န်အိုင်အေ အားကစားရုံ၌ ယှဉ်ပြိုင်ထိုးသတ်သော ယင်းပွဲစဉ်တွင် ရှုံးပွဲမရှိသေးသော ရိုဂန်က စကယ်လ်တန်အား ၁၁ချီမြောက်တွင် ဒိုင်လူကြီး၏ ပွဲသိမ်းခရာမမှုတ်မီ ညာဖြောင့်လက်သီးဖြင့် ပွဲသိမ်းထိုးသတ်နိုင်ခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ဂေါက်သီးကစားခြင်းမှ အနားမယူသေးဟု ကမ္ဘာ့အဆင့်(၁)ရှိ အိုချိုအာဖွင့်ဟ

လန်ဒန် မတ် ၇

မိမိအနေဖြင့် အိမ်ထောင်ကျသွားသည့်တိုင်အောင် ဂေါက်သီးအားကစားသမားဘဝကို စွန့်လွှတ်မည်မဟုတ်ကြောင်း လာမည့်ဒီဇင်ဘာလတွင် မက္ကဆီကို လေကြောင်းလိုင်း အကြီးအကဲ အင်ဒရီကိုနီဆာနှင့် လက်ထပ်မည့် ကမ္ဘာ့အဆင့်(၁)ရှိ ဂေါက်သီးအားကစားမယ် လိုရီနာအိုချိုအာက ဖွင့်ဟပြောကြားခဲ့သည်။

လာမည့်လေးနှစ် သို့မဟုတ် ငါးနှစ်အထိ ဂေါက်သီးရိုက်ဦးမည်ဖြစ်ကြောင်း၊ မကြာမီကာလများအတွင်း ဂေါက်သီးကစားခြင်းမှ အနားယူဦးမည်မဟုတ်ကြောင်း အသက် ၂၇နှစ်ရှိ အိုချိုအာက ဆိုသည်။ (အင်တာနက်)

ပြင်သစ်လက်ဝှေ့ကျော်မီဇာချီ ဉရောပလိုက်ဝိတ် သရဖူရယူ

လန်ဒန် မတ် ၇

ဗြိတိသျှလက်ဝှေ့ကျော် ဂွန်သက်စ်တန်သည် အန်ထော်နီမီဇာချီနှင့် သည်းထိတ်ရင်ဖို အကြိတ်အနယ်ယှဉ်ပြိုင် ထိုးသတ်ပွဲတွင် ရှုံးနိမ့်ပြီးနောက် ၎င်း၏ ဉရောပလက်ဝှေ့သရဖူကို လက်လွှတ်ခဲ့ရသည်။

နော့ဝစ်ချ်မြို့ နော်ဖော့အားကစားကွင်း၌ ယှဉ်ပြိုင်ထိုးသတ်သောပွဲစဉ်တွင် အသက် ၃၄နှစ်ရှိ သက်စ်တန်သည် အနိုင်ရရန် ရေပန်းစားနေခဲ့သည်။ သို့သော်လည်း မထင်မှတ်စွာပင် ၎င်း၏ပြိုင်ဘက် ပြင်သစ်လက်ဝှေ့ကျော် မီဇာချီက ပွဲကိုစီးမိုးအနိုင်ယူသွားသဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဂေါက်သီးသမားဒေါ်နယ်လ် ဟွန်ဒါကလပ်စစ်ပြိုင်ပွဲနှင့်လွဲမည်

လန်ဒန် မတ် ၇

ဗြိတိသျှဂေါက်သီးရိုက် အားကစားသမား ဒေါ်နယ်လ်(**အပေါ်ပုံ**)သည် လက်ကောက်ဝတ်ဒဏ်ရာကို ကုသရမည်ဖြစ်သည့်အတွက် လာမည့်သီတင်းပတ်တွင် အမေရိကန်နိုင်ငံ ပယ်လ်ကမ်းခြေ၌ ကျင်းပမည့် ဟွန်ဒါကလပ်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်မယှဉ်ပြိုင်နိုင်တော့ချေ။

ပြီးခဲ့သည့် သီတင်းပတ်အကုန်က အသက်၃၁နှစ်ရှိ ဒေါ်နယ်လ်သည် အထင်ကရဖြစ်သည့် ဒဗလျူဂျီစီဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိကမှ အီမီအယ်လ်နှင့် ယှဉ်ပြိုင်ကစားစဉ် လက်ကောက်ဝတ် အဆစ်လွဲဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

မာရေး ကြွခိုင်မှုပြည့်ဝစေရန် အချိန်ယူရမည်

လန်ဒန် မတ် ၇

ဗြိတိသျှအဆင့်(၁)တင်းနစ်သမား အန်ဒီမာရေး(**ယာပုံ**)သည် ၎င်း၏ဒဏ်ရာ အတိုင်းအဆကိုသိရှိနိုင်ရန် မတ်၅ရက်က ဆေးစစ် စမ်းသပ်မှုများ ထပ်မံပြုလုပ်ခဲ့ရပြီး ကြံ့ခိုင်မှုပြည့်ဝသည်အထိ စောင့်ရဦးမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။



အသက်၂၁နှစ်ရှိ ကမ္ဘာ့အဆင့်(၄) တင်းနစ်သမား မာရေးသည် ဒဏ်ရာကြောင့် ဂလပ်စဂိုမြို့တွင် ယူကရိန်းနှင့် ယှဉ်ပြိုင်ကစားသည့် ဂရိတ်ဗြိတိန်ဒေးဗစ်ဖလား တင်းနစ်အသင်းမှထွက်ခွာခဲ့ရပြီး ယခုထက်တိုင် တင်းနစ်လေ့ကျင့်မှုမပြုလုပ်နိုင်သေးဟု သိရသည်။ (အင်တာနက်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ
ဒေါက်တာသိန်းအောင်-ဒေါ်ခင်ကြည်ကြည်တို့၏ သားကြီး

မောင်သူရ

3rd Year, Architect (Y.T.U)
(Director, Ana War Minn Construction)

နှင့်

မွန်ပြည်နယ်၊ ရေးမြို့နေ
ဗိုလ်မှူးချုပ်ချိုထွန်းအောင်-ဒေါ်နန်းယဉ်မေဝင်းတို့၏ တစ်ဦးတည်းသော သမီး

မမေဇော်ချိုထွန်းအောင်

B.C.Sc(Hons;),M.C.Sc(Thesis)(U.C.S.Y)
Diploma in Business Administration(UK)

တို့၏ ၁-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေးတို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ တိုင်းမှူးများ၏ ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၀-၂-၂၀၀၉ ရက်တွင် မရမ်းကုန်းမြို့နယ်၊ (A-1)လမ်းနေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းစန္ဒာစမ်း၊ ၂၁-၂-၂၀၀၉ရက် ရှင်စောပုလမ်း၊ ဓမ္မစေတီရွှေကျင်ကျောင်းတိုက်၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သူရ-မမေဇော်ချိုထွန်းအောင်။

ကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ၂၁-၆-၂၀၀၈ရက် Dusit Inya Lake Hotel ၌ ကျင်းပပြီးစီးသော စေ့စပ်မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၊ မင်္ဂလာစကား ပြောကြားပေးပါသော အကယ်ဒမီ ဦးဇင်ဝိုင်းအား လည်းကောင်း၊ ၂၀-၂-၂၀၀၉ရက် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ အသိသက်သေအဖြစ် ဆောင်ရွက်ပေးသော ဗိုလ်မှူးစိုးမြင့်(ငြိမ်း)၊ ဒေါက်တာစိန်ဝင်း(United Construction)နှင့် ဇနီး ဒေါက်တာခင်ခင်မြင့် (Director I.S.M)တို့အားလည်းကောင်း၊ ၁-၃-၂၀၀၉ရက် Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော ကိုမြတ်မင်းနှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော မနန်းနွန်မောဝ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မခင်စန္ဒီအောင်ဝင်းနှင့် မနှင်းဟေမာထွန်း၊သတို့သားအရံ မောင်ဉာဏ်မင်းဦးနှင့်မောင်ထွန်းလင်း၊ သတို့သမီးအရံ ဒေါက်တာမိုးပန်သူနှင့် မစုဣန္ဒြေစံတို့အား လည်းကောင်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော မဇူဇူ (Zu Zu Collection)၊ မိတ်ကပ် ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးသော Eternal Flower၊ မင်္ဂလာဖိတ်စာများ ပုံနှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော Sedona Hotel မှ ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလုံးကို လည်းကောင်း အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။

မောင်သူရ-မမေဇော်ချိုထွန်းအောင်။

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ပထမရရှိသော နေဗလဝင်းမြင့်အား တံခွန်စိုက်ဆုဖလားကို ချီးမြှင့်စဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

Kaung Myat Myanmar Amateur Open Golf Championships

ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Kaung Myat Companies (KM Golf Centre) က အဓိက ကူညီပံ့ပိုးသော Kaung Myat Myanmar Amateur Open Golf Championship 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို မတ် ၆ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Kaung Myat Companies (KM Golf Centre) မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်မြင့်က စုစုပေါင်း ရိုက်ချက် ၂၉၁ချက်ဖြင့် တတိယရရှိသော ဘိုဘို၊ စုစုပေါင်း ရိုက်ချက် ၂၉၀ ဖြင့် ဒုတိယရရှိသော အောင်ဝင်း (သစ်တော)နှင့် စုစုပေါင်းရိုက်ချက် ၂၈၃ချက်ဖြင့် ပထမရရှိသော နေဗလဝင်းမြင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဆုဖလား

ထို့နောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ပြိုင်ပွဲတွင် ပထမရရှိသော နေဗလဝင်းမြင့်အား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ပံ့ပိုးကူညီ

အဆိုပါ ပြိုင်ပွဲကို မြန်မာ့ဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Kaung Myat Companies (KM Golf Centre) က အဓိက ကူညီပံ့ပိုးပြီး Cosponsors များအဖြစ် International Beverages Trading Co., Ltd. နှင့် Air Bagan Ltd. တို့က ထပ်မံ ပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၁၀)ဖြန့်ချီ

ရန်ကုန် မတ် ၇

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၁၀)၌ အစုအဖွဲ့ပိုင်သစ်တောများ၏ အကျိုးကျေးဇူး သစ်တောရေးရာ ကျွမ်းကျင်ပညာရှင် Dr. Oliver Springate-Banginski နှင့် ဖလားဝါးနယူးစ်တို့ တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ မြန်မာအပါအဝင် အာဆီယံနိုင်ငံများနှင့် ဩစတြေးလျ-နယူးဇီလန်တို့ လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင် ကိုရီးယား- အိန္ဒိယတို့နှင့်လည်း ကုန်သွယ်မှုစာချုပ်များ ချုပ်ဆို၊ မြန်မာ့ပဲများ အိန္ဒိယက ဝယ်ယူမည်၊ အဆင့်မြင့်စက်မှုသင်တန်းကျောင်းသို့ အဌမတန်းအောင်သူများ တက်ရောက်နိုင်၊ မြန်မာရုပ်ရှင်နှင့် ဗီဒီယိုကားများတွင် ဆင်းရဲသား ဇာတ်ဝင်ခန်းများ ရိုက်ခွင့်မပြုဆိုသောသတင်း မမှန်ဟုဆို၊ ရန်ကုန် စည်ပင်နယ်နိမိတ်အတွင်း ရေမရရှိပါက ရေသန့်ဌာနမှ အခမဲ့ပို့ပေးမည်၊ နယ်စပ်မြို့များသို့ တရားမဝင် သွားရောက်လုပ်ကိုင်မှုကင်းစင်စေရန် မြဝတီယာဉ်လိုင်းများတွင် ကြပ်မတ်စိစစ်နေ စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ သူ့ဘဝ သူ့ဒဿန 'ကိုယ်ရည်ရွယ်တာတစ်ခု တစ်နေ့မှာဖြစ်လာမယ်ဆိုတဲ့ ယုံကြည်ချက်ကို ကျွန်တော် ဆုပ်ကိုင်ထားတယ်' အငယ်လေး (ဝက်သားတုတ်ထိုးရောင်းသူ)နှင့် စကားလက်ဆုံ၊ တစ်ပတ်စာ အရသာသစ် 'ကြက်တစ်ကောင်လုံး ဟင်းပဒေသာ' ကဏ္ဍသစ်၊ 'မိုးသံကြားတဲ့ ဖားသတင်းသမား' ရှုမြင်သုံးသပ်ဆောင်းပါးများနှင့်အတူ ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

ဘားရက်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ (၁၅)'၊ 'အလွန်အကျွံဖြစ်မှုက အသေအချာကိုရှိနေတာ' Munich Re အာမခံကုမ္ပဏီ ဥက္ကဋ္ဌ နစ်ကိုလပ်ဗွန်ဘွန်ဟတ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အမေရိကန်တို့အတွက် ခက်ခဲကြမ်းတမ်းသောအချိန်များသည် အာဖရိက၊ အမေရိကန်တို့အတွက် ခက်ခဲကြမ်းတမ်းသောအချိန်များလည်းရှိဟု အိုဘားမား ရှုမြင်၊ ပါကစ္စတန်နိုင်ငံမှ အဓိက ပါတီကြီးနှစ်ခု၏ အားပြိုင်မှုက ဆိုးရွားသော နေ့ရက်ဟောင်းများဆီ ပြန်လည်ဦးလှည့်၊ အင်ဒိုနီးရှား အကြမ်းဖက်ဝင်တစ်ဦးက အိုစမာဘင်လာဒင်နှင့် တွေ့ခဲ့ကြောင်းပြောပြ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

အဖျော်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၇

တိုက်ကြီးမြို့နယ် အဖျော်အသင်း(ရန်ကုန်)၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ်၁၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ကျောင်းတိုက် အဖျော်ကျောင်းသစ်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ သက်ကြီးပုဂ္ဂိုလ်များနှင့် ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မတ် ၅ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်တာ သဃ်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု ကျောင်းကြီးကျေးရွာတွင် မူခင်းကင်းမဲ့ရေးနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မတ်၇ရက်က ကျင်းပသော ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်၏ ရက်သတ္တပတ် မူခင်းကျဆင်းရေး၊ မူခင်းကြိုတင်ကာကွယ်တားဆီးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ဝင်းလွင် ပညာပေးဟောပြောစဉ်။ (၁၀၆)

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသည့် ပြည်တက္ကသိုလ် ကျောင်းသားကျောင်းသူများအား ယာဉ်၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံဒုတိယရဲမှူးမြတ်ဦး ဟောပြောစဉ်။ (ဝ၅၇)

ဖြူးမြို့နယ်၌ စပါးခွံလောင်စာသုံး လျှပ်စစ်မီးစက်ဖွင့်

ဖြူး မတ် ၂

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ဖြူးမြို့နယ် ကြူအင်းအရှေ့ကျေးရွာ၌ ဖေဖော်ဝါရီ ၂၁ရက်က စပါးခွံလောင်စာသုံး ဇီဝဓာတ်ငွေ့မီးစက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

စက်ခလုတ်နှိပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလွင်မင်းက မီးစက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်ပေး

အလားတူ ဖေဖော်ဝါရီ ၂၄ရက်က ဖြူးမြို့နယ် ဇဟားကျေးရွာအုပ်စု ရွာသာယာကျေးရွာ၌လည်း စပါးခွံလောင်စာသုံး မီးစက်ဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက မီးစက်ကို မီးခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့်အဖွဲ့ ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်းနှင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တို့တွင် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ ကမာကေး-တော်ပကောက်-ရေတွင်းကုန်းမြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုတို့ကို အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်

သတင်းများ

ကျိုင်းတုံမြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် တန်ဖိုးငွေကျပ် ၆၀၀၀၀၀ တန်ဖိုးရှိ အရန်မီးသတ်တပ်ဖွဲ့ဝတ်စုံများ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့ဝတ်စုံများ၊ မီးသတ်ပိုက်များ၊ ကိရိယာများနှင့် ပြန်လည်ပြင်ဆင်မွမ်းမံထားသော နောင်လျှံ့ရေတွင်းတစ်တွင်းကို ဖေဖော်ဝါရီ ၁၉ ရက်က ဈေးသူဈေးသားများကိုယ်စား ဈေးအကျိုးဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းဖော်မင်းက ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းထံ လွှဲပြောင်းပေးအပ်စဉ်။ (မီးသတ်ဦးစီး)

စဥ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင်သစ် တိုင်စိုက်ထူ

စဥ့်ကူး ဖေဖော်ဝါရီ ၂၄

စဥ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၏ နှစ် (၅၀)ပြည့် အလျား ပေ ၁၀၀၊ အနံပေ ၆၀ရှိ ရွှေရတုခန်းမဆောင်သစ် ဆောက်လုပ်ရန် သံဖရိန် သံတိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီက စဥ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

စိုက်ထူ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှ၊ နာယကဆရာကြီး ဦးသောင်းကို၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဦး၊ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ထူးနှင့် တာဝန်ရှိသူတို့က ဥရူတိုင် သံဖရိန်သံတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး သတ်မှတ်နေရာတွင် စိုက်ထူပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အမရပူရမြို့နယ် အမက(၁၈)ပညာရည်ချွန်ဆုချီးမြှင့်

မြစ်ငယ် ဖေဖော်ဝါရီ ၂၈

မန္တလေးတိုင်း အမရပူရမြို့နယ် စာတိုးကျေးရွာ အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈နှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသန်းအောင်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိမော်တို့က ပညာရေးတိုးတက်စေရန် ရည်မှန်းချက်များနှင့်ပတ်သက်၍ ဆောင်ရွက်သွားကြရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

ထို့နောက် ဆုပေးပွဲကျင်းပရာ မြစ်ငယ်မူကျေးရွာအုပ်စု၌ ထူးချွန်ဆုရရှိသူများနှင့် အတန်းလိုက် ထူးချွန်သူများအား တာဝန်ရှိသူအသီးသီးတို့က ဆုများပေးအပ် ချီးမြှင့်ကြောင်း သိရသည်။ **(ဝ၈ဝ)**

(၁၀၁)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၇

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးစိန်လှိုင် (ပစ္စည်းထိန်း-၃ လုပ်မှုထူးချွန် ပထမဆင့်) **(အပေါ်ပုံ)**သည် အမှတ်(၂) တပ်မတော်ဆေးရုံ၌ မတ်၃ရက်က (၁၀၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော အောင်သီရိလမ်း ကျောက်ချောခင်းမှုကို ဖေဖော်ဝါရီ ၂ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်း စစ်ဆေးရာ မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွဋ်တို့က ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် ပြန်/ဆက်လုပ်ငန်းများ ထပ်ဆင့်ရှင်းလင်း

တမူး မတ် ၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းတိုင်း ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းသည် တမူးခရိုင် ဦးစီးအရာရှိ ဦးမနားထန်းလိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ ရက်က ခမ်းပါတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ရက်က မြို့သစ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့လည်းကောင်း သွားရောက်စစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူးသည် မတ် ၁ ရက်က တမူးခရိုင်ရုံး ကွန်ပျူတာခန်းမ၌ တမူး၊ ခမ်းပါတ်၊ မြို့သစ်ရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံလျက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဝန်ကြီး၏မှာကြားချက်များဖြစ်သည့် ဝန်ကြီးဌာန၏ ၂၀၀၉-၂၀၁၀ရည်မှန်းချက်လုပ်ငန်းတာဝန်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၉-၂၀၁၀ ရည်မှန်းချက်လုပ်ငန်း တာဝန်(၁၁)ရပ်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးအတွက် သတ်မှတ်စံ(၅)ရပ်နှင့်အညီဖြစ်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာအုပ်၊ စာစောင်တိုးပွားရေး၊ ဝန်ထမ်းများအရည်အသွေးမြင့်မားရေး စသည့် ညွှန်ကြားချက်များကို အသေးစိတ် ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

မှာကြား

ဝန်ကြီး၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြပြီး ခရိုင်ဦးစီးအရာရှိက ဖြည့်စွက်တင်ပြရာ ဒုတိယညွှန်ကြားရေးမှူးက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းမှာကြားသည်။

(ခရိုင် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး စစ်ကိုင်းမြို့တွင် ဟောပြောသရုပ်ပြ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၅

မြန်မာ့သစ်လုပ်ငန်း စစ်ကိုင်းတိုင်း ခွဲဒေသ(၁)လက်အောက်ရှိ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက အဆိုပါ စက်ရုံအတွင်း၌ ကျင်းပသည်။

သရုပ်ပြလေ့ကျင့်

အခမ်းအနားတွင် မြန်မာ့သစ်လုပ်ငန်း အမှတ်(၈၄) သစ်စက် လက်ထောက်မန်နေဂျာ (စက်ရုံမှူး) ဦးကျော်စိန်က အမှာစကားပြောကြားပြီး စစ်ကိုင်းမြို့ ဒုတိယမီးသတ်ဦးစီးမှူး ဦးလှမြတ်စိုးက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောကာ ဝန်ထမ်းများအား မီးသတ်စက်ဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ကြောင်း သိရသည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

မီးသတ်ပြ

ရွှေထီးတော်အား ဥပ္ပါတသန္တိစေတီတော်အထွတ်သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစု တင်လှူပူဇော်



စေတီတော်အထွတ်သို့ တင်လှူပူဇော်

မတ် ၇ရက်က နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့ ရွှေထီးတော်အား စေတီတော်အထွတ်သို့ တင်လှူပူဇော်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်

မတ် ၇ရက်က နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားတွင် ရတနာစိန်ဖူးတော်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များက ဦးဆောင်၍ မင်္ဂလာဝေါယာဉ်ဖြင့် ပင့်ဆောင်ပြီး စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)